# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

August 30 , 2022 Volume 57, Number 22


**၃၀.၈.၂၀၂၂**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၃၅ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀.၀ ကျပ် |
| ယူရို တစ်ယူရို | = ၂၁၀၇.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၀၅.၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၄၆၅.၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၆၀.၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၄.၁၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၆.၄၀၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၅.၉၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၆၈.၈၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၇.၇၄၈ ကျပ် |

Source: CBM Rate, etrademyanmar.com

## မိုးစပါးသစ်မထွက်ပေါ်မီ ဩဂုတ်လကုန်ထိ ပြည်တွင်း၌ ဆန်လက်ကျန်ပမာဏ တန်ချိန် ၃ ဒသမ ၆၃၅ သန်းခန့်ရှိနေ

မိုးစပါးသစ်မထွက်ပေါ်မီအချိန်ထိ ပြည်တွင်းဆန်လက်ကျန်အခြေအနေမှာ ဖူလုံပိုလျှံသည့်ပမာဏရှိနေပြီး ဩဂုတ်လကုန်ထိ ပြည်တွင်း၌ ဆန်လက်ကျန်ပမာဏမှာ တန်ချိန် ၃ ဒသမ ၆၃၅ သန်းခန့်ရှိနေကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ သိရသည်။

ပြည်တွင်းရှိလူဦးရေ ၅၅ သန်းကျော်စားသုံးရန် တစ်နှစ်စာလိုအပ်ချက်မှာ ဆန်တန်ချိန် ၉ ဒသမ ၄၀၂ သန်း ဖြစ်သည့်အတွက် အဆိုပါ ဆန်လက်ကျန်များသည် စက်တင်ဘာလမှ ဒီဇင်ဘာလအထိ ပြည်တွင်းစားသုံးရန် လိုအပ်ချက်ပမာဏမှာ ဆန်တန်ချိန် ၃ ဒသမ ၁၃၄ သန်းသာဖြစ်ကြောင်း၊ ထို့ပြင် စက်တင်ဘာလကုန်တွင် ယခုနှစ် မိုးကာလစိုက်ပျိုးသည့် မိုးစပါးစိုက်ဧက ၁၅ သန်းမှာ စတင်ထွက်ပေါ်လာမည်ဖြစ်၍ ပြည်ပသို့ ဆန်တင်ပို့မှု ပုံမှန်အတိုင်း တင်ပို့နိုင်သည့်အပြင် ပြည်တွင်းစားသုံးမှုအတွက်လည်း ဖူလုံမှုရှိကြောင်းသိရသည်။

“ပြည်တွင်းမှာ ပြီးခဲ့တဲ့ ၂၀၂၁ ခုနှစ်က မိုးစပါးစိုက်ဧက ၁ ဒသမ ၅ သန်း လောက်ရှိပါတယ်။ စပါးထွက်ရှိမှုကတော့ တင်း ၁၀၈၈ သန်းဖြစ်ပါတယ်။ ဒ့ါအပြင် နွေစပါး စိုက်ဧကကတော့ နှစ်သန်းဖြစ်ပါတယ်။ စပါးထွက်ရှိမှုကတော့ တင်း ၂၁၃ သန်း ထွက်ရှိခဲ့တာဖြစ်တဲ့အတွက် စုစုပေါင်း စပါးတင်း ၁၃၀၁ သန်း ထွက်ရှိခဲ့ပါတယ်။

ဒါကြောင့် ပြည်တွင်းဆန်လက်ကျန် အခြေအနေကတော့ မိုးစပါးသစ်မထွက်ပေါ်မီ အချိန်ထိ ဖူလုံပိုလျှံတဲ့ပမာဏဖြစ်ပါတယ်။ ပြည်တွင်းစားသုံးမှုအတွက် ဆန်လက်ကျန် ဖူလုံမှုရှိပါတယ်” ဟု မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဗဟိုအလုပ်အမှုဆောင် ဦးငြိမ်းချမ်းအောင် က ပြောပြသည်။

ပြည်တွင်းမှ ထွက်ရှိသည့် လယ်ယာထွက်သီးနှံများအပါအဝင် အခြေခံစားသောက်ကုန်များကို ပြည်ပသို့တင်ပို့ရာတွင် ပြည်တွင်းစားသုံးမှုပိုလျှံမှသာလျှင် ပြည်ပတင်ပို့မှုကို ခွင့်ပြုပေးခြင်းဖြစ်ကြောင်း၊ ထို့ပြင် ပြည်ပသို့ ဆန်တင်ပို့ရာတွင်လည်း ပြည်တွင်းဖူလုံမှုကို ဦးစားပေးတွက်ချက်ချန်လှပ်ပြီးမှသာလျှင် စိစစ်၍ စနစ်တကျ တင်ပို့ခွင့်ပြုနေကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## ကမ္ဘာ့ဈေးကွက်တွင် ဆန်ဈေးနှုန်းတိုးမြှင့်ရန် ထိုင်းနိုင်ငံနှင့်ဗီယက်နမ်နိုင်ငံတို့ ပူးပေါင်းဆောင်ရွက်မည်

ထိုင်းနှင့်ဗီယက်နမ်နိုင်ငံတို့ အနေဖြင့် ကမ္ဘာ့ဈေးကွက်တွင် ဆန်ဈေးနှုန်း တိုးမြှင့်ရေးအတွက် ပူးပေါင်း ဆောင်ရွက်သွားရန် သဘောတူကြောင်း ထိုင်းစိုက်ပျိုးရေးအရာရှိတစ်ဦးက ဩဂုတ် ၂၉ ရက်တွင်ပြောသည်။

ကမ္ဘာ့ဈေးကွက်တွင် ဆန်ဈေးနှုန်း တိုးမြှင့်ရေးအတွက် အဆိုပါနှစ်နိုင်ငံကြား ယခုကဲ့သို့ပူးပေါင်း ဆောင်ရွက်ရေး သဘောတူမှုသည် ပထမဆုံးအကြိမ်ဖြစ်သည်။

ကျေးလက်ဒေသများတွင် ဝင်ငွေရရှိမှု တိုးပွားစေရေးအတွက် ရည်မှန်းသည့်အနေဖြင့် လုပ်ဆောင်သော လအနည်းငယ်ကြာ ဆွေးနွေးမှုများအပြီး ယခုကဲ့သို့သဘောတူခြင်းဖြစ်ကြောင်း ထိုင်းစိုက်ပျိုးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီး၏အကြံပေး အလောင်ကွန်းပွန်လာဘုက ပြောသည်။

နှစ်နိုင်ငံစလုံးမှ ဆန်ကြမ်းထွက်ရှိမှု ပမာဏသည် ကမ္ဘာ့ဆန်ကြမ်း ထွက်ရှိမှုပမာဏ စုစုပေါင်း၏ ၁၀ ရာခိုင်နှုန်းရှိကာ နှစ်နိုင်ငံ၏ ဆန်တင်ပို့မှုသည် ကမ္ဘာ့ဆန်တင်ပို့မှု ပမာဏ၏ ၂၆ ရာခိုင်နှုန်းရှိသည်။

အဆိုပါနှစ်နိုင်ငံကြား ဆွေးနွေးမှုများကို မေလကတည်းက စတင်ခဲ့ခြင်းဖြစ်ပြီး ယခုမှ သဘောတူညီချက်ရရှိခြင်း ဖြစ်သော်လည်း ဆန်ဈေးတိုးမြှင့်မှုက မည်သည့်အချိန်တွင် စတင်အသက်ဝင်မည်ကို အသေးစိတ်ဖော်ပြထားခြင်း မရှိသေးကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/29798

## အိန္ဒိယဆန်ဈေးတက် ထိုင်းဆန်နှင့်ဗီယက်နမ်ဆန် အရောင်းအေး



https://www.foodindustrydirectory.com.mm

အိန္ဒိယမှာ မိုးနည်း စပါးအထွက်နည်းဖွယ်ရှိသဖြင့် အာရှဝယ်လက်များ အိန္ဒိယဆန် ကြိုတင်ဝယ်ယူမှုများလာသဖြင့် ဈေးတက်ပါသည်။ အာရှဆန် ကြီး ၃ ကြီးမှ ထိုင်းနှင့် ဗီယက်နမ် အရောင်းအေးပါသည်။

ဆန်အများဆုံး တင်ပို့နေသည့် အိန္ဒိယဆန် ၅% ဆန်ကွဲပါ ပေါင်းဆန်အမျိုးအစား <RI-INBKN5-P1> ယခင်သီတင်းပတ်တွင် တစ်တန် ခေါ်ဈေး $365-$371 ရှိခဲ့ပြီး ယခုသီတင်းပတ်တွင် $366 ~ $372 ဖြစ်လာသည်။ အိန္ဒိယမှာ မိုးနည်း စပါးအထွက်နည်းဖွယ်ရှိသဖြင့် ဆန်သစ်အရနည်းမည်ဟု မှန်းဆကြသဖြင့် ဆန်အမျိုးအစားအားလုံးတွင် အာရှမှဝယ်လက်နိုင်ငံများက ကြိုတင်ဝယ်ယူမှုများ ပေါ်ပေါက်နေပြီး ဈေးတက်ခြင်း ဖြစ်သည်။

အိန္ဒိယလယ်သမားများ ယခုနှစ် စပါးဟက်တာ ၃၄.၃၇ သန်း စိုက်ပျိုးကြသည်။ ယမန်နှစ်ထက် ၈.၃% လျော့နည်းသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံက အိန္ဒိယဆန် တန်ချိန် ၁ သိန်း တင်သွင်းမည်ဟု အစိုးရချင်း သဘောတူညီချက်ရယူထားသည်။ ပုဂ္ဂလိကကဏ္ဍမှ ငွေလဲနှုန်း တန်ဖိုးကျနေသဖြင့် တင်သွင်းနိုင်ခြင်း အားနည်းနေသဖြင့် အစိုးရကတင်သွင်းမည်ဖြစ်သည်။ ပြည်တွင်းဆန်ဈေးမြင့်တက်နေသည်ကို လျှော့ချနိုင်ရန် တင်သွင်းရခြင်းဖြစ်သည်။

ဗီယက်နမ်ဆန် ၅% ဆန်ကွဲပါ <RI-VNBKN5-P1> ဈေးအပြောင်းအလဲမရှိချေ။ တစ်တန် $390-$393 ဖြင့် ဆက်လက်ရောင်းချပေးနေသည်။ ဗီယက်နမ်ဆန် ဝယ်လိုအားနှေးနေပြီး အားပျော့နေသည်။ ဈေးတင်ဖို့မဖြစ်နိုင်ဟု ဟိုချီမင်းစီးတီးမှ ကုန်သည်က ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

ဩဂုတ်လ ပထမလဝက်တွင် ဗီယက်နမ်ဆန် တန်ချိန် ၃၁၁,၀၀၀ တင်ပို့သည်။ ယခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လလယ်အထိ ဆန်တန်ချိန် ၄.၃၉ သန်း တင်ပို့ခဲ့သည်။ ထိုင်းဆန် ၅% ဆန်ကွဲပါ <RI-THBKN5-P1> ယခင်သီတင်းပတ်က တစ်တန် $416-$420 ခေါ်ဈေးရှိပြီး ယခုသီတင်းပတ်တွင် $415-$422 ခေါ်ဈေးရှိသည်။ အီရတ်သို့ ဆန်တင်ပို့လျက်ရှိသည်။

**Source: Reuters**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/4904-indian-rice-prices-rise,-thai-rice-vietnamese-rice-sales-cool.html

## ရုရှားနိုင်ငံမှ ဂျုံတန်ချိန်ငါးသိန်းတင်သွင်းရန် ဘင်္ဂလားဒေ့ရှ်နိုင်ငံစီစဉ်

ကုန်ဈေးနှုန်းများ မြင့်တက်လာချိန်တွင် ရိက္ခာရရှိရန် ဘင်္ဂလားဒေ့ရှ်သည် ရုရှားနိုင်ငံမှ ဂျုံတန်ချိန်ပေါင်း ၅၀၀,၀၀၀ ကိုတစ်တန်လျှင် ဒေါ်လာ ၄၃၀ နှုန်းဖြင့်တင်သွင်းရန် စီစဉ်ထားကြောင်း အဆိုပါကိစ္စနှင့် တိုက်ရိုက်ပတ်သက်သူ အစိုးရ အရာရှိနှစ်ဦးက ပြောကြားခဲ့သည်။

ယူကရိန်းနှင့်ရုရှားအရေးကြောင့် ဂျုံတင်ပို့ရန်ခက်ခဲနေသည့် ဒါကာသည် ၎င်း၏အကြီးမားဆုံး ဂျုံတင်ပို့သူတစ်ဦးဖြစ်သည့် အိန္ဒိယမှ မေလကဂျုံတင်ပို့မှုကို ပိတ်လိုက်ချိန်မှစ၍ ဂျုံတင်သွင်းရန် နည်းလမ်းများကိုရှာဖွေနေခဲ့သည်။

ရုရှားနှင့်သဘောတူညီချက်ကို ရက်အနည်းငယ်အတွင်း လက်မှတ်ရေးထိုးမည်ဖြစ်ပြီး ဇန်နဝါရီလမှစတင်ကာ အဆင့်ဆင့် တင်ပို့မည်ဖြစ်ကြောင်း အရာရှိတစ်ဦးကပြောကြားခဲ့သည်။ ယခုသွင်းကုန်အတွက် ဘင်္ဂလားဒေ့ရှ်မှ ဒေါ်လာဖြင့်ပေးဆောင် ရမည်ဖြစ်ပြီး ကုန်ကျစရိတ်များတွင် ကုန်စည်ပို့ဆောင်မှု၊ အာမခံနှင့်ကုန်တင်ကုန်ချ လုပ်အားခများ ပါဝင်သည်ဟု အခြား အရာရှိတစ်ဦးကဆိုသည်။ နှစ်ဖက်တာဝန်ရှိသူများက ၎င်းတို့အနေဖြင့် မီဒီယာသို့ ပြောခွင့်မရှိသောကြောင့် အမည် မဖော်လိုကြောင်းပြောခဲ့သည်။

ဝန်ကြီးချုပ်၏ ပုဂ္ဂလိကစက်မှုလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုအကြံပေး မစ္စတာ Salman Fazlur Rahman ကလည်း ဘင်္ဂလားဒေ့ရှ်သည် ရုရှားထံမှ ဂျုံနှင့်ဓာတ်မြေသြဇာများ ဝယ်ယူနေကြောင်း ရိုက်တာသတင်းဌာနသို့ ပြောကြားခဲ့သည်။ “ရုရှားနိုင်ငံကနေ အစားအစာနဲ့ ဓာတ်မြေသြဇာတင်သွင်းတဲ့အတွက် ဒေါ်လာနဲ့ ကမ္ဘာလုံးတစ်ဝန်းမှာရှိတဲ့ဘဏ် ၂၄ ခုကနေ ငွေပေးချေနိုင်ပြီး အဲ့ဒီတင်သွင်းမှုတွေအတွက် ကန့်သတ်ပိတ်ပင်ထားတာမျိုးမရှိပါဘူး” ဟု ၎င်းကဆက်လက်ပြောကြား ခဲ့သည်။

အိန္ဒိယမှတင်ပို့မှုကို တားမြစ်လိုက်ပြီးနောက် ယခုနှစ်အစောပိုင်းက သုံးနှစ်အတွင်းအနိမ့်ဆုံးဖြစ်သွားသည့် အစိုးရစတော့ များကို ထိန်းညှိရန် နိုင်ငံတကာတင်ဒါများမှ ကြိုးပမ်းခဲ့သော်လည်း တည်ငြိမ်မှုမရှိသော ကမ္ဘာ့ဈေးကွက်တွင် အလွန်မြင့်မား နေသည့် ဈေးနှုန်းများကြောင့် တင်ဒါအချို့ကိုဖျက်သိမ်းခဲ့ရသည်ဟုဆိုသည်။

ဘင်္ဂလားဒေ့ရှ်သည် ဟိုယခင်က ပင်လယ်နက်ဂျုံကိုအဓိက တင်သွင်းသူတစ်ဦးဖြစ်သော်လည်း ရုရှားက ယူကရိန်းသို့ ကျူးကျော်ခဲ့သည့် ဖေဖော်ဝါရီလနှောင်းပိုင်းမှစကာ နိုင်ငံသို့တင်သွင်းမှုမရှိတော့ချေ။ ပုဂ္ဂလိကကုန်သည်များသည် ရုရှား၊ ယူကရိန်းနှင့် ဘူလ်ဂေးရီးယားတို့မှ ပင်လယ်နက်ဂျုံကို စတင်တင်သွင်းနေပြီဖြစ်သည်ဟု စက်မှုလုပ်ငန်းဆိုင်ရာ သတင်း ရင်းမြစ်တစ်ဦးက ပြောကြားခဲ့သည်။ အိမ်နီးချင်း အိန္ဒိယနိုင်ငံသည် ဂျုံတင်ပို့မှုတားမြစ်ချက်ကို ရုတ်သိမ်းရန် မဖြစ်နိုင် သောကြောင့် ယခုလိုဝယ်ယူရခြင်းဖြစ်သည်ဟုဆိုသည်။

ဘင်္ဂလားဒေ့ရှ်သည် ၂၀၂၁ ခုနှစ် ဇွန်လအထိ ဂျုံတန်ချိန်ပေါင်း ၅ ဒသမ ၄ သန်းတင်သွင်းခဲ့ပြီး အိန္ဒိယမှ ၂၄ ရာခိုင်နှုန်း၊ ရုရှားမှ ၂၀ ရာခိုင်နှုန်းနှင့် ယူကရိန်းမှ ၁၇ ရာခိုင်နှုန်းတို့ဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်သည် ပြည်တွင်းဂျုံလိုအပ်ချက်ကို ကာမိရန် တင်သွင်းမှုကိုသာ မှီခိုနေရခြင်းဖြစ်သည်။ နိုင်ငံ၏အထွက်နှုန်းမှာ တန်ချိန်တစ်သန်းခန့်အထိသာထွက်ရှိပြီး တန့်နေသော ကြောင့်ဖြစ်သည်။

ကုန်ဈေးနှုန်းကြီးမြင့်မှု၏ သက်ရောက်မှုကို ထိန်းချုပ်ရင်ဆိုင်နေရသော အစိုးရသည် ယခုလအစောပိုင်းတွင် ရေနံဈေးကို ၅၁ ဒသမ ၇ ရာခိုင်နှုန်းအထိ မြှင့်တင်လိုက်သောကြောင့် အခြားပြဿနာများနှင့်ပါ ရင်ဆိုင်ရနိုင်သည်ဟု ဆိုသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် အနောက်နိုင်ငံများ၏ ပိတ်ဆို့ဒဏ်ခတ်ခြင်းခံထားရသည့် ရုရှားထံမှ ဈေးနှုန်းသက်သက်သာသာ ဖြင့် လောင်စာဆီတင်သွင်းနိုင်မည်ဟူသည့် ရုရှား၏ကမ်းလှမ်းချက်က ဒါကာအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်နေသော်လည်း အဆိုပါကမ်းလှမ်းချက်ကို ပြန်လည်သုံးသပ်နေကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။

**Source: Reuters**

**Popular News Journal**

## ဂျာမနီနိုင်ငံက ကနေဒါနိုင်ငံမှ ဟိုက်ဒရိုဂျင်စွမ်းအင် တင်သွင်းမည့်အစီအစဉ်

ဂျာမနီနိုင်ငံသည် ကနေဒါနိုင်ငံမှ ဟိုက်ဒရိုဂျင်စွမ်းအင် (green hydrogen) တင်သွင်းရန်အစီအစဉ်အတွက် ၂၃-၈-၂၀၂၂ ရက်နေ့တွင် ဂျာမန်ဝန်ကြီးချုပ် Mr. Olaf Scholz နှင့် ကနေဒါနိုင်ငံဝန်ကြီးချုပ် Mr. Justin Trudeau တို့ ကနေဒါနိုင်ငံရှိ green hydrogen စက်ရုံတည်ဆောက်မည့် Newfoundland ဒေသတွင် သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည်။ ဂျာမနီနိုင်ငံရှိ စွမ်းအင်ကုမ္ပဏီများကလည်း ယင်းသို့တင်သွင်းရန် သဘောတူခဲ့ကြသည်။ နှစ်နိုင်ငံခေါင်းဆောင်နှစ်ဦးသည် လက်မှတ်ရေးထိုးသည့်နေ့ အစောပိုင်းက Toronto မြို့တွင် စီးပွားရေးဆိုင်ရာညီလာခံကိုလည်း တက်ရောက်ခဲ့ကြပြီး ရှေ့ဆက်၍ ကနေဒါနိုင်ငံမှ liquefied natural gas (LNG) ဝယ်ယူတင်သွင်းရန်ကိုလည်း ဆက်လက်ဆွေးနွေးရန် အစီအစဉ်ရှိပါသည်။ ဂျာမနီနိုင်ငံသည် ရုရှားနိုင်ငံမှ လောင်စာစွမ်းအင်တင်သွင်းရမှုကိုလျော့ချရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ကနေဒါနိုင်ငံမှ green hydrogen တင်သွင်းမှုသည် ၃ နှစ်အတွင်း စတင်နိုင်ဖွယ်ရှိပါသည်။

ဂျာမန်ဝန်ကြီးချုပ်က ကနေဒါနိုင်ငံသည် ရေရှည်တည်တံ့သော စွမ်းအင်ပိုင်းဆောင်ရွက်နိုင်မှု အားကောင်းသော နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ green hydrogen ထုတ်လုပ်မှုအတွက် အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်နေကြောင်း၊ စီးပွားရေးပူးပေါင်းမှုတစ်ခုတည်းမဟုတ်ဘဲ ရေရှည်တည်တံ့သော စွမ်းအင်ရရှိရေးအတွက် လက်တွဲပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းပြောဆိုပါသည်။ ကနေဒါနိုင်ငံဝန်ကြီးချုပ်က မိမိတို့အနေဖြင့် ဂျာမနီနိုင်ငံနှင့်ဥရောပနိုင်ငံသားများ အားလုံးအတွက် လာမည့်ဆောင်းရာသီကာလ တွေ့ကြုံရနိုင်သည့် စိန်ခေါ်မှုများအတွက် ဖြစ်နိုင်သမျှ ကူညီဆောင်ရွက်ပေးရန် နည်းလမ်းများ ရှာဖွေဆောင်ရွက်လျက်ရှိကြောင်း ပြောကြားပါသည်။ ဂျာမန်စွမ်းအင် ကုမ္ပဏီများဖြစ်သည့် Eon နှင့် Uniper တို့သည် ကနေဒါနိုင်ငံ Everwind ကုမ္ပဏီနှင့် ဟိုက်ဒရိုဂျင်စွမ်းအင်အမြောက်အမြားကို ၂၀၂၅ ခုနှစ်မှစတင်၍ တင်သွင်းရန် နားလည်မှုစာချွန်လွှာတစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြပါသည်။

ကနေဒါနိုင်ငံအနေဖြင့် လက်ရှိအခြေအနေတွင် LNG နှင့် hydrogen ထုတ်လုပ်နိုင်မှုတို့အတွက် အချိန်ယူဆောင်ရွက်ရဦးမည်ဖြစ်ပြီး အခြေခံအားဖြင့် hydrogen သည် ကျောက်မီးသွေး၊ ရေနံနှင့် သဘာဝဓါတ်ငွေ့များသုံးစွဲမှုကို အစားထိုးနိုင်သည့် အင်အားကြီးမားသည့် စွမ်းအင်တစ်ခုဖြစ်ကာ တွင်းထွက်လောင်စာစွမ်းအင်များထက်လည်း ဈေးနှုန်းမြင့်မားမှုရှိပါသည်။ ကနေဒါနိုင်ငံသည် လေထုအင်အားကောင်းသည့် Newfoundland ဒေသကို green hydrogen စက်ရုံတည်ဆောက်မည့်နေရာအဖြစ် သတ်မှတ်ထားပါသည်။

**(မြန်မာစီးပွားရေးသံမှူး၊ ဘာလင်မြို့)**


**Source:https://www.dw.com/en/germany-and-canada-sign-hydrogen-deal/a-62899992**

https://myantrade.gov.mm/article/%E1%80%82%E1%80%BB%E1%80%AC%E1%80%99%E1%80%94%E1%80%AE

## ကွန်တိန်နာ ရေကြောင်းပို့ဆောင်ခ ဈေးမတန်တဆ မြင့်မားခြင်းများ အဆုံးသတ်ပိုင်းရောက်ရှိ



https://www.logisticsguide.com.mm




https://www.logisticsguide.com.mm

ဝင်ငွေစံချိန်တင် ရရှိရန်အတွက် ကွန်တိန်နာတင်ပို့မှုကို တွန်းအားပေးခဲ့သော ကပ်ရောဂါကာလအတွင်းတွင် မြင်တွေ့ခဲ့ရသည့် ကွန်တိန်နာရေကြောင်းပို့ဆောင်ရေး လိုအပ်ချက်များမြင့်တက်မှုသည် ယခုအခါ အတိတ်မှာကျန်ခဲ့ပြီလို့ ကိုပင်ဟေဂင် အခြေစိုက် Sea-Intelligence ရဲ့ သတင်းထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

ကိုဗစ်ခေတ်ကာလအတွင်း ကွန်တိန်နာပို့ဆောင်ရေး လိုအပ်ချက်နှင့် ကွန်တိန်နာသင်္ဘောများ သယ်ပို့ပေးနိုင်စွမ်း အချက်အလက်ကိန်းဂဏန်းများကို ဆန်းစစ်ခဲ့ပါတယ်။ လက်ရှိအခြေအနေကို သုံးသပ်ခဲ့ပါတယ်။ ယခုအခါမှာ လိုအပ်ချက်

ပမာဏများ တိုးများလာနေခြင်း ပြန်လျော့ကျနေပြီး ကွန်တိန်နာဆိပ်ကမ်းများ ပြည့်ကျပ်နေခြင်းကဲ့သို့သော ပစ္စည်းပို့ဆောင်ရေးကွင်းဆက်မှာ ပရမ်းပတာဖြစ်ပွားခြင်းများကြောင့်သာ ကွန်တိန်နာပို့ဆောင်ခများ မြင့်တက်ဖို့ အကြောင်းတရားရှိပါတော့မယ်လို့ ကောက်ချက်ချပါတယ်။

Sea-Intelligence ရဲ့ အဆိုအရ ၂၀၂၀ နိုဝင်ဘာလမှ ၂၀၂၂ ဇန်နဝါရီလအထိ ကာလမှာ ကမ္ဘာ့ကွန်တိန်နာ ပို့ဆောင်ရေးလိုအပ်ချက်ဟာ ပို့ဆောင်နိုင်စွမ်းထက် အမြဲတစေ ၁၀% ပိုများနေခဲ့ပါတယ်။ ထိုကွာဟချက် လျော့ကျလာနေပါတယ်။ လတ်တလောအဖြစ်ဆုံး အချက်အလက်များအဖြစ် ဇွန်လရဲ့ အချက်အလက်များက ကွာဟချက် ၂% မျှသာရှိပါတော့တယ်။ "အားလုံးခြုံငုံကြည့်ရင် အချက်အလက်များက ပြသနေသည်မှာ ၂၀၂၁ ခုနှစ်တွင် ကွန်တိန်နာပို့ဆောင်ခများ လွန်ကဲစွာမြင့်တက်နေရခြင်းဟာ ကမ္ဘာ့အဆင့်တွင် လိုအပ်ချက်က သယ်ပို့ပေးနိုင်စွမ်းထက် ရုတ်တရက်ကျော်လွန်သွားတဲ့အခြေအနေကို ဆိုက်ရောက်ခဲ့လို့ ကွန်တိန်နာပို့ဆောင်ခများ အဆမတန် မြင့်တက်စေခဲ့ပါတယ်" လို့ဆိုပါတယ်။ "နောက်ထပ်ရှင်းလင်းပြတ်သားစွာ မြင်နိုင်တဲ့အချက်က သယ်ပို့နိုင်စွမ်း မရရှိနိုင်တဲ့အဖြစ်ကလည်း ကွန်တိန်နာပို့ဆောင်ခများ မြင့်တက်အောင် တွန်းတင်ပေးခဲ့ပါတယ်" ဟု သတင်းထုတ်ပြန်ချက်တွင် သုံးသပ်ထားပါတယ်။

ဆိပ်ကမ်းများမှာ စောင့်ဆိုင်းနေကြရတာကြောင့် ကွန်တိန်နာသင်္ဘောများရဲ့ သယ်ပို့နိုင်စွမ်း အချိန်နဲ့အမျှ လေလွင့်ဆုံးရှုံးနေတဲ့အတွက် ဈေးကွက်ထဲမှ သယ်ပို့နိုင်စွမ်းကို ဖယ်ရှားပစ်နေတဲ့ အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်ပါတယ်။ ယခုအခါ ပုံမှန်ပြန်ဖြစ်တဲ့ဆီသို့ သွားနေပါတယ်။ သင်္ဘောအချိန်ဇယား ပိုမိုစိတ်ချလာနိုင်ခြင်း၊ ဆိပ်ကမ်းများမှာ နှောင့်နှေးကြန့်ကြာမှုများ လျော့ကျလာနေခြင်းတို့ကြောင့် လိုအပ်ချက်/သယ်ပို့နိုင်စွမ်း ချိန်ခွင်လျှာညီလာပြီး ကွန်တိန်နာပို့ဆောင်ခများကျဆင်းဖို့ ဖိအားဖြစ်ပေါ်နေပါတယ်။

ကွန်တိန်နာ လိုအပ်ချက် အထွတ်အထိပ်ရောက်စေတဲ့ရာသီချိန်ခါမရှိတာကြောင့် ပို့ဆောင်ခပေါက်ဈေးနှုန်းများ ဆက်လက်ကျဆင်းပါတယ်လို့ HSBC ရဲ့ အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ ယခုရောက်ရှိနေတဲ့ တတိယ ၃ လပတ်ဟာ ကွန်တိန်နာလိုအပ်ချက် များပြားလာလေ့ရှိတဲ့ ၃လပတ်ဖြစ်ပေမဲ့လည်း Shanghai Containerized Freight Index (SCFI) ယခင် ၃ လပတ်ထက် ယခု ၃လပတ်မှာ ပျမ်းမျှအားဖြင့် ၈% ကျဆင်းပါတယ်။ China Containerized Freight Index(CCFI) ယခင် ၃ လပတ်ထက် ယခု ၃လပတ်မှာ ပျမ်းမျှအားဖြင့် ၁% မျှသာ မြင့်တက်ပါတယ်။

ဆိပ်ကမ်းများမှာ သင်္ဘောများ ပြည့်ကျပ်နေခြင်း၊ ဥရောပဆိပ်ကမ်းမှာ ဆိပ်ကမ်းလုပ်သားများ လစာတိုးပေးဖို့ ဆန္ဒပြနေခြင်းများ ဖြစ်ပွားနေသော်လည်း အမေရိကန်နှင့်ဥရောပတို့မှာ ငွေဖောင်းပွမှုရှိနေခြင်း၊ ပစ္စည်းလက်ကျန်များရှိနေခြင်းတို့ကြောင့် တင်သွင်းမှု ကျဆင်းနေဆဲ ဖြစ်သဖြင့် ကွန်တိန်နာပို့ဆောင်ရေး လိုအပ်ချက်လည်းကျဆင်းပါတယ်။

ဈေးကွက်ပေါက်ဈေး ကျဆင်းပေမဲ့ ကာလတစ်ရပ်အတွက် ကန်ထရိုက်စာချုပ်ချုပ်ဆိုထားတဲ့ နှုန်းထားတွေက ယခင်မြင့်မားစဉ်က စာချုပ်ချုပ်ဆိုခဲ့တာဖြစ်လို့ ကန်ထရိုက်နှုန်းထားတွေက မြင့်မားနေဆဲဖြစ်ပါတယ်။ သို့ဖြစ်ရာ ကွန်တိန်နာသင်္ဘောလိုင်းများအနေဖြင့် ကန်ထရိုက်အရ အမြင့်ဈေးနှုန်းများ ဆက်လက်ရရှိနေကြဦးမှာဖြစ်လို့ ယခုနှစ်မှာလည်း ဝင်ငွေဆက်လက် မြင့်မားနေကြဦးမှာဖြစ်ပါတယ်။

တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့်ကြည့်လျှင် လိုအပ်ချက်က သယ်ပို့နိုင်စွမ်းထက် အလွန်အကျွံပိုများနေတာ အဆုံးသတ်သွားပြီဖြစ်ပါတယ်။ Sea Intelligence ရဲ့ ဆန်းစစ်လေ့လာချက်အရ ဆိပ်ကမ်းများမှာကြန့်ကြာတာကြောင့် ကွန်တိန်နာသင်္ဘောများရဲ့ သယ်ပို့နိုင်စွမ်း ဖယ်ထုတ်ခံနေရခြင်းကြောင့် ကွန်တိန်နာသင်္ဘော မလောက်မငမှု ကြုံရတဲ့အတွက် သင်္ဘောကျင်းများမှာ ကွန်တိန်နာအသစ်များ မှာကြားကြဖို့ တွန်းအားဖြစ်စေခဲ့ပါတယ်။ ကွန်တိန်နာသင်္ဘော အကြီးမားဆုံးအရွယ်အစားများအပါအဝင် ကွန်တိန်နာသင်္ဘောအသစ်များ ဈေးကွက်ထဲဝင်လာနေတဲ့အတွက် ကမ္ဘာ့ကွန်တိန်နာသင်္ဘောအရေအတွက်တိုးတဲ့အပြင် သယ်ပို့နိုင်စွမ်းပမာဏလည်း မြင့်တက်စေပါတယ်။ ထိုအချက်က ကမ္ဘာ့ဈေးကွက်ထဲမှ လိုအပ်မှု/သယ်ပို့နိုင်စွမ်း ချိန်ခွင်လျှာကို တစ်ဖက်စောင်းနင်း ဖြစ်မသွားအောင် ထိန်းထားပေးနေပြီဖြစ်ပါတယ်။

**Source: sea-intelligence.com**

https://www.logisticsguide.com.mm/en/industry-news/transportation/226531-xcess-global-demand-almost-eliminated.html

## အိန္ဒိယမှ ဝယ်လိုအားကောင်းနေသဖြင့် ပိုကုန်ပဲများ အမြင့်ဈေးတွင်တည်ငြိမ်နေ

အိန္ဒိယနိုင်ငံမှ ဝယ်လိုအားကောင်းနေခြင်းကြောင့် ပို့ကုန်ပဲများ အမြင့်ဈေးတွင် တည်ငြိမ်နေပြီး ပြည်တွင်းသုံး ကုလားပဲ အုပ်စုများမှာမူ ယခုသီတင်းပတ်တွင် ဈေးအနည်းငယ် ကျဆင်းလာကြောင်း ပဲ၊ နှမ်း ကုန်သည်များထံက သိရသည်။ "ပို့ကုန်ပဲမျိုးစုံဈေးတန်းက အမြင့်ဆုံးရောက်ခဲ့တော့ ဆက်မတက်နိုင်တော့ဘူး။ ပြည်တွင်းသုံး ကုလားပဲအုပ်စုက အနည်းငယ် ဈေးပြန်ကျတယ်။ ပို့ကုန် မတ်ပဲ၊ ပဲစင်းငုံက အမြင့်ဈေးနဲ့ ဈေးနှုန်းအပြောင်းအလဲ သိပ်မရှိဘူး။ အိန္ဒိယအဝယ်ကောင်းနေလို့ ဈေးငြိမ်နေတယ်။ ပဲစင်းငုံတစ်အိတ် ကျပ် ၁၈၇,၀၀၀၊ မတ်ပဲတစ်အိတ်ကျပ် ၁၉၅,၀၀၀ ပေါက်ဈေးရှိနေတယ်။ တရုတ်လိုင်းမှာ ပဲတီစိမ်း၊ နှမ်းတို့က အရည်အသွေးအလိုက် ဈေးကောင်းရနေတယ်။ နယ်စုံကနေ မြေပဲဆံအသစ်တွေက စဝင်လာပါတယ်။ ပြည်တွင်းသုံး ကုလားပဲအုပ်စု ဈေးနည်းနည်းပြန်ကျနေပြီး ပဲမာလိုင်းတွေကတော့ ဈေးငြိမ်နေပေမယ့် ကျွန်းစားတော်ပဲ တစ်အိတ် ကျပ် ၄၀၀,၀၀၀ အထိ စံချိန်တင်မြင့်တက်လာတယ်" ဟု မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်သွင်(ရွှေစင်သိန်းပွဲရုံ)က ပြောသည်။

**မတ်ပဲ၊ ပဲတီစိမ်း ၊ ပဲစင်းငုံ**

အိန္ဒိယဝယ်လိုအားကောင်းနေခြင်းကြောင့် ဈေးနှုန်းအပြောင်းအလဲမရှိဘဲ ယခင်သီတင်းပတ်အတိုင်း အမြင့်ဈေးတွင် တည်ငြိမ်နေပြီး မတ်ပဲမှာ တစ်အိတ် ကျပ် ၁၉၅,၀၀၀၊ ပဲစင်းငုံ ကျပ် ၁၈၇,၀၀၀ အထိ ပေါက်ဈေးဖြစ်ခဲ့သည်။ ယခု သီတင်းပတ်တွင် စက်သုံးဆီဈေး ဆက်လက်မြင့်တက်မှုနှင့်အတူ ပြည်တွင်းပို့ဆောင်မှုတန်ဆာခများလည်း ဈေးမြင့်တက် လာခဲ့သည်။


**မြေပဲ**

အောင်လံ၊ ကျောက်ပန်းတောင်း၊ မကွေး၊ ရမည်းသင်း၊ တပ်ကုန်း၊ ပျော်ဘွယ်ဒေသများမှ မြေပဲဆံအသစ်များ စတင် ဝင်ရောက်လာရာ အမျိုးအစားအလိုက် ဈေးအနည်းငယ် ကျဆင်းခဲ့သည်။ ဩဂုတ် ၂၅ ရက်တွင် S1 မြေပဲ လုံးဆံ တစ်ပိဿာ ကျပ် ၆၄၀၀၊ အနီလုံးဆံ တစ်ပိဿာကျပ် ၆၄၀၀-၆၄၅၀၊ ဆီဆံ တစ်ပိဿာ ကျပ် ၅၇၀၀-၅၈၀၀ ပေါက်ဈေးရှိသည်။ စားဆီဈေးကွက်တွင် အခြေခံရည်ညွှန်း ဈေးတစ်ပိဿာ ကျပ် ၄၀၀၀ ကျော် သတ်မှတ်ထားသော်လည်း ပြင်ပပေါက်ဈေး တစ်ပိဿာ ကျပ် ၁၀,၀၀၀ ကျော် ရှိနေသည်။မြေပဲဆီ တစ်ပိဿာ ကျပ် ၁၃,၅၀၀၊ နှမ်းဆီတစ်ပိဿာ ကျပ် ၁၀,၀၀၀ ကျော် ပေါက်ဈေးဖြစ်လာသည်။

ပြည်တွင်းသုံးကုလားပဲအုပ်စုမှာ ဈေးအနည်းငယ်ကျဆင်းလာသော်လည်း ပဲမာလိုင်းများမှာ ဈေးငြိမ်နေသည်။ ဩဂုတ်လ ၂၅ ရက်တွင် ကုလားပဲ V2 တစ်အိတ်ကျပ် ၁၉၅,၀၀၀၊ ပဲယင်း တစ်အိတ် ကျပ် ၁၄၅,၀၀၀၊ ပဲကြီး တစ်အိတ် ကျပ် ၂၃၅,၀၀၀၊ ပဲထောပတ် တစ်အိတ်ကျပ် ၁၆၀,၀၀၀၊ စွန်တာပြာ တစ်အိတ် ကျပ် ၁၄၅,၀၀၀၊ မြေထောက်ပဲ တစ်အိတ်ကျပ် ၂၄၀,၀၀၀၊ ကျွန်းစားတော်ပဲတစ်အိတ် ကျပ် ၄၀၀,၀၀၀ သို့ အသီးသီးဈေးမြင့်တက်လာကြောင်း သိရသည်။

Source: Myanma Awba

## STOCK EXCHANGE (30.8.2022)




| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,300 | +200 | +2.82% | 7,000 | 7,300 | 7,000 | 140 | 1,005,000 | 33,109,694 | 241,701 |
| MTSH | 00002 | 2,500 | +50 | +2.04% | 2,450 | 2,500 | 2,450 | 19,596 | 48,026,350 | 38,929,150 | 97,323 |
| MCB | 00003 | 6,800 | +0 | +0.00% | 6,800 | 6,800 | 6,800 | 206 | 1,400,800 | 10,400,986 | 70,727 |
| FPB | 00004 | 18,000 | +0 | +0.00% | 18,000 | 18,000 | 18,000 | 1 | 18,000 | 2,472,053 | 44,497 |
| TMH | 00005 | 2,300 | -50 | -2.13% | 2,400 | 2,400 | 2,300 | 446 | 1,067,050 | 12,823,224 | 29,493 |
| EFR | 00006 | 2,400 | -50 | -2.04% | 2,400 | 2,400 | 2,400 | 2 | 4,800 | 19,977,223 | 47,945 |
| AMATA | 00007 | 5,000 | +600 | +13.64% | 5,000 | 5,000 | 5,000 | 5 | 25,000 | 10,497,598 | 52,488 |

## Market summary

As of 30th Aug. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 335.81 | +7.61 | +2.32% | 331.82 | 335.81 | 329.35 | 20,396 | 51,547,000 | 7 | 584,174 |

### Index chart




# Market Overview

## Main Board

As of 1:00 pm, 30th Aug. 2022

| MYANPIX | 335.81 ▲ 7.61 |
|---|---|
| Total Volume (shares) | 20,396 |
| Total Value (MMK) | 52 mil |
| Listed Company | 7 |
| Market Cap. (MMK) | 584,174 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,300 | ▲ 200 |
| MTSH | 00002 | 2,500 | ▲ 50 |
| MCB | 00003 | 6,800 | ▲ 0 |
| FPB | 00004 | 18,000 | ▲ 0 |
| TMH | 00005 | 2,300 | ▼ 50 |
| EFR | 00006 | 2,400 | ▼ 50 |
| AMATA | 00007 | 5,000 | ▲ 600 |